## ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပထမနေ့(၂၀. ၃. ၂၀၁၇) ရက်နေ့တွင် သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး တင်သွင်းသည့် အဆိုဆိုင်ရာ ဆောင်ရွက်ချက်များ

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၅)ဖြစ်ပါတယ်။ သီပေါ မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေးက အဆိုတစ်ရပ်အား လွှတ်တော်သို့ပေးပို့လာပါတယ်။ အဆိုမှာ **"ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ(၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေ အမှတ် ၁၀။)အား ပြန်လည်သုံးသပ်ခြင်းနှင့်နည်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းနိုင်ရန် တိုက်တွန်းခြင်း"**အဆိုဖြစ်ပါတယ်။ ယခု ဒေါ်နန်းစမ်းစမ်းအေးက အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်မကတော့သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး ဖြစ်ပါတယ်။ယနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပဉ္စမပုံမှန်အစည်းအဝေးမှာ **"ရှမ်းပြည်နယ်စည်ပင်သာယာရေး ဥပဒေ(၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော် ဥပဒေ အမှတ်၁၀။)အားပြန်လည်သုံးသပ်ခြင်းနှင့် နည်းဥပဒေများရေးဆွဲပြဋ္ဌာန်းနိုင်ရန် တိုက်တွန်းခြင်း"** အဆိုကိုတင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ အထက်ပါအကြောင်းအရာနှင့် ပတ်သက်၍ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၁၀။)ဖြစ်သည့် ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေသည် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါဆုံးဥပဒေဖြစ်ပါတယ်။ ဥပဒေပြုရာမှာ ဥပဒေကောင်းများ ပြဋ္ဌာန်းနိုင်ပါက မြို့နယ်များပိုမိုဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပြီး ပြည်သူလူထုအားထိခိုက်စေမည့် ဥပဒေများပြဋ္ဌာန်းမိပါက ၎င်းဥပဒေကို ပြန်လည်သုံးသပ်ပြင်ဆင်ရန်မှာ သက်ဆိုင်ရာဌာနနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်ဖြစ်ပါသည်။ ထို့ပြင် ပြဋ္ဌာန်းပြီးသော ဥပဒေများကို စည်းစနစ်ကျစွာ လိုက်နာကျင့်သုံးနိုင်ရန်အတွက် နည်းဥပဒေများ မရှိမဖြစ်လိုအပ်လျက်ရှိနေပါတယ်။ လက်ရှိတွင် စည်ပင်သာယာရေးဥပဒေသာရှိပြီး နည်းဥပဒေမရှိသည့်အတွက် မြို့နယ်အဆင့်လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာမှာ များစွာ နှောင့်နှေးမှုများ၊ အငြင်းပွားမှုများ ဖြစ်ပေါ် လျက်ရှိနေပါတယ်။ အတွေ့အကြုံအရပြီးခဲ့သော စည်ပင်သာယာရေးကော်မတီဖွဲ့စည်းရာမှာ ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ အခန်း(၂)၊ အပိုဒ်(၈) တွင် အများပြည်သူဆန္ဒအရအလျောက်ရွေးချယ် ဖွဲ့စည်းသောနည်းလမ်းဖြင့် ကော်မတီဝင်အားရွေးချယ်ရန်ပါရှိသော်လည်း နည်းဥပဒေမရှိသည့်အတွက် မည်သို့မည်ပုံရွေးချယ် ကျင်းပရမည်ကို ဌာနဆိုင်ရာများက ရွေးချယ်အသုံးပြုရန် အခက်တွေ့နေခဲ့ပါသည်။ ဝင်ရောက်အရွေးခံမည့် လူဦးရေအကန့်အသတ်မပါရှိခြင်း၊ တက်ရောက်နားထောင်ခွင့်အနည်းဆုံးလူဦးရေ အကန့်အသတ် မပါရှိသည့်အတွက် တန်းတူညီမျှသော ရွေးချယ်မှု ကိုယ်စားပြုနိုင်မှု ဖြစ်ရန်အလွန်ခက်ခဲလျက်ရှိနေပါတယ်။ ထို့ပြင် ရှမ်းပြည်နယ်စည်ပင်သာယာရေး ဥပဒေအခန်း(၅)၊ ပုဒ်မ ၁၇ ၊ အပိုဒ် (ပ)တွင် ကျူးကျော်အိမ်များ၊ ကျူးကျော်တဲများ၊ ကျူးကျော် အဆောက်အအုံများ၊ ကျူးကျော်ရပ်ကွက်များ ဖျက်သိမ်းခြင်းနှင့်လိုအပ်ပါက ပြောင်းရွှေ့နေရာချထားခြင်းဟူသောအပိုဒ်တွင် လမ်း နယ်နိမိတ်မှတိုင်းလျှင် မည်မျှအတိုင်းအတာကိုကျော်လွန်လျှင် ကျူးကျော်ဟုသတ်မှတ်ခြင်း ဆိုသည့် ဖော်ပြချက်များ မပါရှိခြင်း၊ လိုအပ်ပါက ပြောင်းရွှေ့နေရာချထားခြင်းဟူသော အပိုဒ်တွင်လည်း ထိုသို့ပြောင်းရွှေ့ရာတွင် မည်သို့သော မြေနေရာတွင် မည်သူက အကုန်အကျခံ၍ စီမံပေးရမည်။ စီမံခန့်ခွဲချိန် မည်မျှပေးထားသည်။ ထိုစီမံခန့်ခွဲချိန်အတွင်း ကျူးကျော်လူထုက မည်သည့်နေရာတွင်နေရမည်ဟူသော

ဖော်ပြချက်မပါရှိသည့်အတွက် ကျူးကျော်ကိစ္စတွင် ဖြေရှင်းရန် ရှုပ်ထွေးပွေလီ လျက်ရှိသည်။ အခန်း(၅)၊ ပုဒ်မ ၁၇၊ အပိုဒ်(က)တွင် အများပြည်သူနှင့် သက်ဆိုင်သောလမ်း၊ တံတား၊ ရေမြောင်း၊ ရေပိုက်လိုင်း၊ မိလ္လာပိုက်စသည်တို့နှင့် မလွတ်ကင်းသော အဆောက်အအုံနှင့် အဆောက်အအုံ၏ အစိတ်အပိုင်းကို ဖယ်ရှားခြင်းဟူသော အပိုဒ်တွင် မည်သို့ မည်ပုံ အုပ်မိုးနေလျှင် မည်သို့သော အတိုင်းအတာထက်ကျော်နေလျှင် ဖယ်ရှားနိုင်သည် ဟူသော နည်းဥပဒေမရှိသည့်အတွက် ပြည်သူများနှင့် စည်ပင် သာယာရေးကော်မတီအကြား၊ ဌာနဆိုင်ရာများအကြားတွင် အမြင် မကြည်မှုများဖြစ်ပွားလျက်ရှိသောကြောင့် လူထုနှင့်ပူးပေါင်း ဆောင်ရွက်ရမည့်ကိစ္စများတွင် လူထု၏ သဘောတူညီမှုရနိုင်ရန် ခက်ခဲလျက်ရှိသည်ကိုတွေ့ရပါတယ်။ သို့ဖြစ်ပါ၍ရှမ်းပြည်နယ် စည်ပင်သာယာရေးဥပဒေအား ပြန်လည်သုံးသပ်ခြင်းနှင့် နည်းဥပဒေ များအားပြုစုရေးဆွဲပြဌာန်းနိုင်ရန် သက်ဆိုင်ရာဌာနနှင့် လွှတ်တော် ကိုယ်စားလှယ်များအား လေးစားစွာ တိုက်တွန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန်မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်) အဆိုကို လက်ခံ ဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့် လွှတ်တော် ကိုယ်စားလှယ်ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။** သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါ်နန်းစမ်းစမ်းအေး တင်သွင်းသော **"ရှမ်းပြည်နယ် စည်ပင်သာယာရေး ဥပဒေ (၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေ အမှတ်၁၀) အား ပြန်လည်သုံးသပ်ခြင်းနှင့်နည်းဥပဒေများရေးဆွဲ ပြဌာန်းနိုင်ရန် တိုက်တွန်းခြင်း"** အဆိုအား ကျွန်တော် ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်မှ ထောက်ခံကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒေါ်နန်းစမ်းစမ်းအေး တင်သွင်းသောအဆိုကို လွှတ်တော်ကိုယ်စားလှယ် ၁ ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ **"ရှမ်းပြည်နယ် စည်ပင်သာယာရေး ဥပဒေ (၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၁၀။)အား ပြန်လည် သုံးသပ်ခြင်းနှင့် နည်းဥပဒေများရေးဆွဲ ပြဌာန်းနိုင်ရန် တိုက်တွန်းခြင်း"**အဆိုဖြစ်ပါတယ်။ ယခု အဆိုကို လက်ခံ ဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒရယူမှုဖြစ်ပါတယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)**

**ဥက္ကဋ္ဌ။** အဆိုကိုလက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကိုလက်ခံ ဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်မရှိသည့်အတွက် ဒေါ်နန်းစမ်းစမ်းအေး၏ အဆိုကိုလက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူညီကြောင်းကြေညာပါတယ်။

အဆိုကို ၂၀၁၇ ခုနှစ်၊ မတ် လ ၂၂ ရက်နေ့ (အင်္ဂါနေ့)မှာ ဆွေးနွေးမှာဖြစ်ပါတယ်။ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေး ရပ်နားတဲ့အခါ ဒီကနေ့ ညနေပိုင်းမှာ ရှမ်းပြည်နယ် လွှတ်တော်ရုံးညွှန်ကြားရေးမှူးထံအမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

## ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့ (၂၁. ၃. ၂၀၁၇)ရက်နေ့တွင် အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ် (၆)ဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါ မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ " ရှမ်းပြည်နယ်စည်ပင် သာယာရေး ဥပဒေ (၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၁၀။) အား ပြန်လည်သုံးသပ်ခြင်းနှင့် နည်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းနိုင်ရန် တိုက်တွန်းခြင်း" အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ် (၂)ဦးက ဆွေးနွေးဖို့ အမည်စာရင်း ပေးသွင်းထားပါတယ်။

ပထမဦးစွာ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက်က အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသန်းထိုက်၊ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့ နေ့လည်ပိုင်း အစီအစဉ်သို့ တက်ရောက်လာကြသော ပြည်နယ် ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ ကျွန်တော်က ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှလွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက် ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး၏"ရှမ်းပြည်နယ် စည်ပင်သာယာရေးဥပဒေ (၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော် ဥပဒေအမှတ်၁၀။)အား ပြန်လည်သုံးသပ်ခြင်းနှင့် နည်းဥပဒေများရေးဆွဲပြဋ္ဌာန်းနိုင်ရန် တိုက်တွန်းခြင်း" အဆိုကို ကျွန်တော်အနေနဲ့ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေသည် ဥပဒေအမှတ် (၁၀)၊ ၂၀၁၃ ခုနှစ် အောက်တိုဘာလ (၁၅) ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းပြီးမှ စည်ပင်သာယာရေးလို့ စတင်ဆောင်ရွက် နေတာ သိရှိရပါတယ်။

အခုအစိုးရသစ်လက်ထက်တွင်သက်တမ်း (၁)နှစ်ရှိပြီ ဖြစ်သော်လည်း ရှမ်းပြည်နယ်စည်ပင် သာယာရေးကော်မတီဥပဒေတွင် ပြဋ္ဌာန်းသည့်အတိုင်း အခန်း (၃)တွင် စည်ပင်သာယာရေး ကော်မတီဖွဲ့စည်းခြင်းကို ပြဋ္ဌာန်းထားပြီးမှ ပုဒ်မ ၉တွင် ဌာနများ၊ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မြို့နယ်ကော်မတီဖွဲ့စည်းခြင်း မပြုနိုင်သည့်အခါတွင်ဖြစ်စေ၊ ဖွဲ့စည်းထားသည့် မြို့နယ်ကော်မတီသည် ယင်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်နိုင်စွမ်း မရှိသည့်အခါတွင်ဖြစ်စေ၊ ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်စေရန် အမှုဆောင်အရာရှိ(သို့မဟုတ်) သင့်လျော်သော နိုင်ငံသား တစ်ဦးကို တာဝန်ပေးအပ်နိုင်သည်။

သို့ရာတွင် ထိုသို့တာဝန်ပေးအပ်ရာတွင် အချိန်ကာလအား ဖြင့် (၆)လထက်မကျော်လွန်စေရဟု ပြဋ္ဌာန်းထားပြီးမှ ပြည်နယ်စည်ပင်သာယာရေးကော်မတီတွင် ဒီလိုအတိအလင်း ပြဋ္ဌာန်းထားခြင်း မရှိသည့် အတွက် အခုချိန်ထိလည်း ပြည်နယ်စည်ပင်သာယာရေးကော်မတီက တရားဝင်ဖွဲ့စည်းထားတာကို မတွေ့ရှိရသေးပါဘူး။ ဒါကိုလည်း နည်းဥပဒေအပေါ်မှာ ထည့်ဆွဲထားသည့်အချက်တွင် ဒီအခန်းကဏ္ဍကို အတိအကျနဲ့ ပြဋ္ဌာန်းစေချင်ပါတယ်။

နောက်တစ်ချက်အနေဖြင့် ပုဒ်မ ၁၇ တွင် မြို့နယ်ကော်မတီသည် စည်ပင်သာယာရေးနယ်နိမိတ် အတွင်း အောက်ပါလုပ်ငန်း တာဝန်များနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေ၊ စည်းကမ်းချက်များနှင့် အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ကြီးကြပ်ခြင်း၊ ကွပ်ကဲခြင်းများကို အပိုဒ် (၃၀)နှင့် ပုဒ်မခွဲတွင် ပြဋ္ဌာန်းထားတာ အင်မတန်လေးကောင်းပါတယ်။

ဥပမာအားဖြင့် သာဓကတစ်ခုအနေဖြင့် (က) မြို့ပြစီမံကိန်း များရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ (ဇ) စီးပွားရေးကြော်ငြာဆိုင်းဘုတ်များနှင့် ကြော်ငြာဆောင်ရွက် ခွင့်ပြုခြင်းနှင့် ကြီးကြပ်ခြင်း၊ (ဗ) ကျူးကျော်အိမ်များ၊ ကျူးကျော် တဲများ၊ ကျူးကျော် အဆောက်အဦများ၊ ကျူးကျော် ရပ်ကွက်များ ဖျက်သိမ်းခြင်းနှင့် လိုအပ်ပါက ပြောင်းရွှေ့နေရာချထားခြင်း စသည့်အချက်များတွင် ပါဝင်တာလည်း သိရှိရသည့်အတွက် အင်မတန်ကောင်းပါတယ်။ ဒါပေမယ့်ဒါတွေကိုကျွန်တော်တို့က စည်းကမ်းချက်အတိုင်း၊ ဥပဒေအတိုင်းအကောင်အထည်ဖော်ဆောင်ရွက်ကြီးကြပ် မှုအပိုင်းဆိုတာကလည်း နည်းဥပဒေမပေါ်သေးသည့်အတွက် လုပ်ထုံးလုပ်နည်းအရလုပ်ရတာ အခက်အခဲတွေအများကြီးရှိပါတယ်။

အခန်း (၆) မြို့နယ်ကော်မတီ၏ လုပ်ပိုင်ခွင့်များ ပုဒ်မ ၁၉ ဖြစ်ပါတယ်။ ပုဒ်မ ၁၉ တွင် အပိုဒ်ခွဲ (ဇ)တွင် လုပ်ငန်း၏ လိုအပ်ချက်အရ လုပ်ငန်းနှင့် ဒေသအလိုက်အဖွဲ့ငယ်များ ဖွဲ့စည်း၍ ဆောင်ရွက်ခြင်း၊ (စ) စည်ပင်သာယာရေးဌာနပိုင်မြေတွင် မည်သည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများမှ ကျူးကျော်မှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအား လမ်းတံတားဆောက်လုပ်ခြင်း၊ ရေပေးရေးနှင့် သန့်ရှင်းရေးစသည့် ဝန်ဆောင်မှုလုပ်ငန်းများကို အပ်နှံဆောင်ရွက်ခွင့်ပြုခြင်းဆိုတာ ကိုလည်း ပြဋ္ဌာန်းထားပါတယ်။ အခန်း (၆) မြို့နယ်ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အဲ့လိုအတိအလင်းပြဋ္ဌာန်းထား ပေမယ့် လုပ်ငန်း လိုအပ်ချက်အရဆိုသည့်နေရာမှာ ဖွဲ့စည်းသည့်နေရာမှာ အဖွဲ့ငယ်များဖြင့် ဖွဲ့စည်း ဆောင်ရွက်ခြင်းဆိုတာပဲပါသည့်အတွက် ဘယ်လိုလုပ်ငန်းတွေကို ဖွဲ့သည့်အခါမှာ ဘယ်လိုကော်မတီတွေကို ဖွဲ့စည်း မှာလဲ။ မြို့နယ်ကော်မတီ၏ လုပ်ပိုင်ခွင့်က ပြဋ္ဌာန်းထားပြီးမှ ဘယ်လိုအပိုင်းတွေကို အတိအကျ လုပ်ပိုင်ခွင့်ဆိုသည့်နေရာမှာ ပါဝင်ခြင်း မရှိသေးတာကိုလည်း တွေ့ရှိရပါတယ်။

နောက်တစ်ချက်က(ဏ)တွင် ပုဂ္ဂလိကလုပ်ငန်းရှင်များအား လမ်းတံတားတည်ဆောက်ခြင်း လုပ်ငန်းများ၊ ရေပေးရေးနှင့် သန့်ရှင်းရေးစသည့် ဝန်ဆောင်မှုလုပ်ငန်းများကို အပ်နှံဆောင်ရွက်ခွင့်ပြု ခြင်းဆိုသည့်အပိုင်းတွင်လည်း အခုသွားနေသည့် ဥပဒေအတိုင်း အရဆိုလျှင် ယုံကြည်မှုနဲ့ပဲ သွားနေရ သည့်သဘောဖြစ်ပြီး ပြည်နယ်စည်ပင်သာယာရေး ကော်မတီကမပေါ်ပေါက်သေးသည့်အတွက် ယုံကြည်မှု နဲ့ပဲသွားနေရသည့် လမ်းညွှန်ချက်နဲ့သာသွားနေရသည့် သဘောကိုတွေ့ရှိရပါတယ်။

အခန်း (၁၂)တွင် ကြီးကြပ်ခြင်းဖြစ်ပါတယ်။ ကြီးကြပ်ခြင်း ပုဒ်မ ၅၃ တွင် ညွှန်ကြားရေးမှူးသည် စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်ရမည်လို့ ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၅၃၊ ပုဒ်မခွဲ (က)တွင် စည်ပင်သာယာရေး ဌာနများက ရေးဆွဲတင်ပြထားသော နှစ်စဉ်အရအသုံး ခန့်မှန်းခြေ ငွေစာရင်း နှစ်တို၊ နှစ်ရှည်စီမံကိန်းများစိစစ်၍ အစိုးရအဖွဲ့သို့ တင်ပြ ခြင်း၊ (ခ) အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ကြီးကြပ်မှုကို ဆောင်ရွက်ခြင်းဆိုသည့်အပိုင်းမှာ ပုဒ်မ ၅၂ တွင် ပြည်နယ် ကော်မတီသည် အောက်ပါစည်ပင်သာယာရေးလုပ်ငန်းများကို ကြီးကြပ်ရမည်လို့ ပြဋ္ဌာန်းထားသည့်အချက်လည်း ရှိပါတယ်။ ဒါပေမယ့် အဲ့လိုပြဋ္ဌာန်းထားရာ၌ ပုဒ်မ ၅၃ တွင် ညွှန်ကြားရေးမှူးသည် စည်ပင်သာယာရေးလုပ်ငန်း များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်လို့ပြဋ္ဌာန်းသည့်အတွက် ပြည်နယ်စည်ပင်သာယာရေး ကော်မတီက ဖွဲ့စည်းထားခြင်းမရှိသည့်အတွက် ဝန်ကြီး၏ အခန်းကဏ္ဍက ပျောက်ဆုံးနေတာကိုတွေ့ရှိရပြီး ရုံးဌာန၏ အကြီးအမှူးက လုပ်ပိုင်ခွင့်ပိုနေတာကိုလည်းတွေ့ရှိရပါတယ်။

နောက်ပြီးစည်ပင်သာယာရေးလုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်သည့်နေရာတွင် ကြီးကြပ်ခြင်းဆိုသည့် အပိုင်းတွင်ဒီအချက်ပဲရှိပြီး ဒီလုပ်ငန်းများကို အကောင်အထည်ဖော်မှု၊ ပြီးစီးမှု၊ လုပ်ငန်းအရည်အသွေးပြည့်ဝမှု ဆိုသည့် နေရာမှာ ကြီးကြပ်သည့်အပိုင်းတွင်လည်း နောက်နည်းဥပဒေကျလျှင် တိတိကျကျပြဋ္ဌာန်းရန် လိုမည့်အချက်လည်းပါပါမယ်။ ကျွန်တော် ဘာကိုဆိုလိုသည့် သဘောလဲဆိုလျှင် ဒီမြို့၊ ဒီရပ်ကွက်၊ ဒီမြို့နယ်တွင် လုပ်မည့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုလျှင် မြို့နယ် ကော်မတီက ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှု မရှိသေးဆိုသည့်အချက်တွင် ဒီဥပဒေတွင်ပါဝင်နေပြီး ဘယ်လို

ကော်မတီတွေဖွဲ့စည်းသည့်အခါတွင် ဘယ်လိုဆပ်ကော်မတီတွေ ဖွဲ့စည်းပြီး ဦးရေဘယ်လောက်ဆိုတာကို လည်း သတ်သတ်မှတ်မှတ် ပြဋ္ဌာန်းသင့်တယ်လို့ ကျွန်တော်အနေနဲ့ထင်မိပါတယ်။

ဒါကြောင့် ဒီတစ်ခုတည်းနဲ့ အားလုံးကိုခြုံငုံသုံးသပ်ရမည်ဆိုလျှင် စည်ပင်သာယာရေးဥပဒေတွင် ပါသည့် ဥပဒေအားလုံးက ကောင်းမွန်ပြီး တကယ်လည်းမြို့ပြဖွံ့ဖြိုးရေးဆိုသည့် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားသည်ကို တွေ့ရှိရသည့်အတွက် အင်မတန်ကောင်းပါတယ်။ ဒါပေမယ့်လုပ်ငန်းများ အကောင် အထည်ဖော် ဆောင်ရွက်ရသည့်ကိစ္စများတွင် အပီအပြင်ဆောင်ရွက်နိုင်ရန် တည်ဆဲဥပဒေအရ ဆောင်ရွက်နိုင်မှုအပိုင်းတွင် နည်းဥပဒေမရှိသေးသည့်အတွက် ကျွန်တော်အနေနဲ့ ဒါကိုလည်း အစိုးရအဖွဲ့ ကို တိုက်တွန်းပါတယ်။ အတတ်နိုင်ဆုံး မြန်မြန်ဆန်ဆန်လေးနဲ့ ဒီနည်းဥပဒေက ထွက်သွားနိုင်မည်ဆိုလျှင် မြို့/ရွာ၊ ကျေးရွာ၏ ရည်ရွယ်ချက်မှာ ပါသည့်အတိုင်း စည်ပင်သာယာရေးလုပ်ငန်းများကိုလည်း ကောင်းမွန် ဖော်ဆောင်နိုင်မှာဖြစ်ပြီး မြို့နယ်စည်ပင်၏ လုပ်ပိုင်ခွင့်တာဝန်များ ကိုလည်း ပြတ်ပြတ်သားသားဆောင်ရွက် ရန် ထည့်သွင်းစေချင်ပါတယ်။

နောက်တစ်ချက်က မြို့နယ်စည်ပင်သာယာရေးကော်မတီ လုပ်ငန်းတွင်ပါသည့် အထပ်မြင့် အဆောက်အဦကဏ္ဍတွင်လည်း နှစ်ထပ်ဆိုလျှင် မြို့နယ်လုပ်ပိုင်ခွင့်၊ သုံးထပ်ဆိုလျှင် ဘယ်လိုလုပ်ပိုင်ခွင့် ဒါကိုလည်း နည်းဥပဒေတွင် ပွင့်ပွင့်လင်းလင်း ပြတ်ပြတ်သားသားနှင့် ပြဋ္ဌာန်းစေချင်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုလျှင် ပြည်နယ်အစိုးရ၏ သဘောတူညီမှုဖြင့်ဆိုလျှင် လုပ်ငန်းရှင်အနေနဲ့ရော လုပ်ငန်းလုပ်ရမည့် သူများအနေနဲ့ကလည်း ကြန့်ကြာမှုရှိတာတွေဖြစ်သည့်အတွက် နည်းဥပဒေကို မြန်မြန်ဆန်ဆန် မှန်မှန်ကန်ကန်လေးနဲ့ ပါသင့်ပါထိုက် သည့်အချက်များကိုလည်း ညှိနှိုင်းတိုင်ပင်ပြီးမှ ဆောင်ရွက်ပါလို့ ကျွန်တော်အနေနဲ့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးအများကြီးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ရပ်စောက်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)မှ ဦးခိုင်ညီညီကျော်က အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်ဖြစ်ပြီး သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး တင်သွင်းသော "ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ (၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၁၀။)အား ပြန်လည်သုံးသပ်ခြင်းနှင့် နည်းဥပဒေများရေးဆွဲပြဋ္ဌာန်းနိုင်ရန် တိုက်တွန်းခြင်း" အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေကို ၂၀၁၃ ခုနှစ်က ပြဋ္ဌာန်းခဲ့ပြီး ယနေ့အချိန်ထိဆိုလျှင် (၄)နှစ်တာ ကာလအတွင်းသို့ ရောက်ရှိလာပြီး ယခုအချိန်ထိ နည်းဥပဒေကိုရေးဆွဲထုတ်ပြန်နိုင်ခြင်း မရှိသေးသည်ကို တွေ့ရှိရပါတယ်။

အခန်း (၃) စည်ပင်သာယာရေးကော်မတီဖွဲ့စည်းခြင်း ပုဒ်မ (၈)တွင် ဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံး ဆောင်ရွက်ရန်အတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီကို အများပြည်သူဆန္ဒအရ ရွေးချယ်ဖွဲ့စည်းသော နည်းလမ်းဖြင့် အောက်ပါအတိုင်းဖွဲ့စည်းရမည်ဟု တွေ့ရှိရပါတယ်-

(က) မြို့မိမြို့ဖများမှ ရွေးချယ်ထားသောပုဂ္ဂိုလ် ဥက္ကဋ္ဌ
(ခ) လူမှုရေး (သို့) စီးပွားရေးအဖွဲ့အစည်း အဖွဲ့ဝင်
ကိုယ်စားလှယ် (၁)ဦး
(ဂ) သက်ဆိုင်ရာလုပ်ငန်းအလိုက်ကျွမ်းကျင် အဖွဲ့ဝင်
ပညာရှင်ပညာအခြေပြုအဖွဲ့အစည်းများမှ
ကိုယ်စားလှယ် (၁)ဦး
(ဃ) မြို့မိမြို့ဖများမှ ကိုယ်စားလှယ် (၁)ဦး အဖွဲ့ဝင်
(င) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး အဖွဲ့ဝင်
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
(စ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး အဖွဲ့ဝင်
ဌာနမှ ကိုယ်စားလှယ် (၁)ဦး
(ဆ) အမှုဆောင်အရာရှိ အတွင်းရေးမှူး
မြို့နယ်စည်ပင်သာယာရေးဌာန
(ဇ) သက်ဆိုင်ရာမြို့နယ်ခွဲတာဝန်ခံ တွဲဘက်
သက်ဆိုင်ရာမြို့နယ်ခွဲစည်ပင် အတွင်းရေးမှူး
သာယာရေးဌာန

အစရှိသဖြင့် (၈)ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်ဟု ပါရှိပါတယ်။

ပြဋ္ဌာန်းချက်ပါ(င)၊ (စ)၊ (ဆ)၊ (ဇ)များသည် အငြင်းပွားရန်မလို ရှင်းလင်းသော်လည်း (က) မြို့မိမြို့ဖဟုဆိုရာတွင် အသက်ကြီးသော ပုဂ္ဂိုလ်လား၊ အသက်မကြီးသော်လည်း စီးပွားငွေကြေး တောင့်တင်းသော ပုဂ္ဂိုလ်လား၊ စီးပွားရေးအင်အားမတောင့်တင်းသော်လည်း သိက္ခာသမာဓိရှိသော ပုဂ္ဂိုလ်များကို ရွေးရမည်လား အစရှိသဖြင့် ရှင်းလင်းစွာ ရွေးချယ်ရမည့်နည်းလမ်းတစ်ခု လိုအပ်လာပါတယ်။ (ခ)တွင်လည်း လူမှုရေး (သို့မဟုတ်) စီးပွားရေး အဖွဲ့အစည်းကိုယ်စားလှယ် (၁)ဦးဟုဆိုရာတွင် လူမှုရေးလုပ်ငန်းများ လုပ်ဆောင်သူကို ဦးစားပေးရမည်လား၊ စီးပွားရေးသမားတွင် မည်ကဲ့သို့သောလုပ်ငန်းရှင်မျိုးကိုမှ စီးပွားရေးသမားဟု သတ်မှတ်မည်လဲဆိုသည့် တိုင်းတာရမည့်နည်းလမ်းများ လိုအပ်နေသည်ကို တွေ့ရှိရပါတယ်။

(ဂ)တွင် သက်ဆိုင်ရာလုပ်ငန်းအလိုက် ကျွမ်းကျင်ပညာရှင် ပညာအခြေပြုရွေးချယ်ရာတွင် မည်သည့်လုပ်ငန်းကို ဆိုလိုသနည်း။ ပညာရှင်ကို ဘယ်လိုစံချိန်စံညွှန်း၊ ဘယ်လိုပေတံနဲ့ တိုင်းတာရမလဲဆိုတာ ဒွိဟဖြစ်စရာ တွေ့ရှိရပြီး မြို့နယ်၊ ရပ်ကွက်တွင်းရှိ ပဏ္ဍာမရွေးချယ်ရာတွင် အစုအဖွဲ့တစ်ခုကို ဘယ်နှစ်ဦးရွေးရမည်လဲဆိုသည့် နည်းလမ်းများ လိုအပ်နေပါတယ်။ ၎င်းကဲ့သို့ နည်းဥပဒေများ မရှိသောကြောင့် မြို့နယ်အတော်များများက စည်ပင်သာယာရေး ကော်မတီရွေးချယ်ရာတွင် မကျေနပ်ချက်များ၊ အငြင်းပွားမှုများ ဖြစ်ပေါ်ခဲ့ရသည်ကို လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံးကြားသိကြုံတွေ့ခဲ့ရပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စည်ပင်သာယာရေးဌာန၏ ကျွဲ၊ နွားပွဲဈေးလေလံတင်ဒါ ခေါ်ယူမှုတွင်လည်း တင်ဒါဆွဲယူမည့်လုပ်ငန်းရှင်များသည် လိုအပ်သည့် ခိုင်မာသော အထောက်အထား၊ ပိုင်ဆိုင်မှု စာရွက်စာတမ်းများ တင်ပြရာတွင် မည်သို့လုပ်ဆောင်ရမည်ကို ရှင်းလင်းသော နည်းလမ်းများမရှိခြင်း၊ ပြည်နယ်စည်ပင်သာယာရေးကော်မတီမှ လိုအပ်သလို ညွှန်ကြားချက်များ ထွက်ရှိသော်လည်း အောက်ခြေမြို့နယ်ရှိ ကော်မတီများက လုပ်ငန်းအကောင်အထည်ဖော်ရာတွင် အနီးကပ်မှုထွက်ရှိသည့် ညွှန်ကြားချက်ကို ကိုက်ညီအောင် လုပ်ဆောင်ရန်ခက်ခဲခြင်းတို့ကြောင့် ဒေသခံလုပ်ငန်းရှင်များ လုပ်ငန်းလုပ်ကိုင်ခွင့်မရရှိဘဲ အခြားသောမြို့နယ်များမှ လုပ်ငန်းရှင်များကသာ အခွင့်အလမ်း

ရရှိခဲ့ခြင်းတို့ ဖြစ်ပေါ်နေသည်ကို တွေ့ရှိရပါတယ်။

ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီမှ ၁၀-၃-၂၀၁၇ ရက်စွဲပါစာအမှတ်၊၁၃၂၄/ယ-၂/ ရပစ(၀၂၀) ဖြင့် ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်တွင် အသားထုတ်လုပ်ရောင်းချခွင့် လက်မှတ်စနစ်ဖြင့် သားသတ်ခြင်းနှင့် အသားထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ရေးအတွက် လိုက်နာဆောင်ရွက် ရန်ကိစ္စဟုထွက်ရှိထားရာ ၄င်းညွှန်ကြားချက်တွင် ကောင်းမွန်သောအချက်များပါရှိသော်လည်း အပိုဒ်ပေါင်း (၅၁)ချက်ဖြင့် ထုတ်ပြန်ထားသည့်အပြင် ယခင်ညွှန်ကြားချက်များမှာလည်း အသက်ဝင်နေခြင်းတို့ကြောင့် သာမန်ပြည်သူများအတွက် ရှင်းရှင်းလင်းလင်းနားလည်ရန် ခက်ခဲနေခြင်းတို့ကို တွေ့ရှိရပါတယ်။

နိဂုံးချုပ်အားဖြင့် စည်ပင်သာယာရေးကော်မတီသည် ဒေသခံပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့ ဆက်ဆံရသောဌာနဖြစ်သည့် အားလျော်စွာ ရသင့်ရထိုက်သည့် အခွန်အခများကို စည်းကြပ်ရမှာဖြစ်သလို၊ ပြည်သူလူထုအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေသော အခွန်နှုန်းထားများ သတ်မှတ်ပေးရန်လည်း လိုအပ်မှာ ဖြစ်ပါတယ်။ ထို့ကြောင့်သက်ဆိုင်ရာမြို့နယ်ကော်မတီဝင်များ အလွယ်တကူ လိုက်နာဆောင်ရွက်ရန် ရှင်းလင်းသောနည်းဥပဒေ ပြဋ္ဌာန်းပေးရန် လိုအပ်ပါတယ်။

သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့်လည်း နည်းဥပဒေများ ရေးဆွဲရာတွင် ဥပဒေပညာရှင်များ၏ အကြံဉာဏ်၊ ဌာနတွင်း အတွေ့အကြုံများရယူရုံတင်မကပဲ မြို့နယ်များရှိ ပြည်သူလူထု အသံများ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများ၏ အသံများကိုရယူပြီး ရေးဆွဲနိုင်ရန် အကြံပြုတင်ပြလိုပါတယ်။

ထို့ကြောင့် သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး တင်သွင်းသော အဆိုအား လေးလေးနက်နက်ထောက်ခံပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများမှဆွေးနွေးရှင်းလင်းခြင်းနှင့်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၂) ဦးက ဆွေးနွေးသွားပါတယ်။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၂၅ (င)အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေး ဝန်ကြီးက ပြန်လည်ရှင်းလင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်းဖြစ်ပါတယ်။

ကျွန်တော်အနေဖြင့်ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ဒေါ်နန်းစမ်းစမ်းအေးမှ တင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် စည်ပင်သာယာရေး ဥပဒေရေးဆွဲစဉ်က လက်ရှိကာလနှင့်မညီ၊ မဆီလျော်သည့်ပြဋ္ဌာန်းချက်များပါရှိပြီး ပြင်ဆင်ရေးဆွဲရန် လိုအပ်လျက်ရှိကြောင်း သဘောထားအရထောက်ခံပါတယ်။ စည်ပင် သာယာရေးလုပ်ငန်းများ၏ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း စည်ပင်သာယာရေးဥပဒေရေးဆွဲရုံနှင့် မလုံလောက်သော ကြောင့် စည်ပင်သာယာရေး နည်းဥပဒေရေးဆွဲဆောင်ရွက်ရန် လိုအပ်ပါတယ်။

ရှမ်းပြည်နယ်ဒေသနှင့်ဆီလျော်သည့် စည်ပင်သာယာရေး ဥပဒေရေးဆွဲထုတ်ပြန်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါ တယ်။ ဒါကြောင့် ဒေါ်နန်းစမ်းစမ်းအေး၏ အဆိုကို အတည်ပြုကြောင်း ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူး တင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား စည်ပင်သာယာရေးဝန်ကြီးက ဒီအဆိုကို အတည်ပြုရန် သဘောတူတဲ့အတွက် သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေး တင်သွင်းသော အဆိုကို အတည်ပြုရန် လွှတ်တော်၏ ဆန္ဒကိုရယူမှာဖြစ်ပါတယ်။ ဒါကြောင့်သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေး တင်သွင်းသော ရှမ်းပြည်နယ် စည်ပင်သာယာရေးဥပဒေ (၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေအမှတ် ၁၀။)အား ပြန်လည်သုံးသပ်ခြင်းနှင့် နည်းဥပဒေများရေးဆွဲပြဋ္ဌာန်းနိုင်ရန် တိုက်တွန်းခြင်း အဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သဘောတူပါသလားခင်ဗျား။**
**သုံးကြိမ်တိုင်တိုင်မေးပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ၎င်းအဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။

အဲ့တော့အတည်ပြုပြီးလျှင် ပြဋ္ဌာန်းထားသည့်ဥပဒေကို မှီငြမ်းပြီးတော့မှ နည်းဥပဒေကို စည်ပင်သာယာရေးအဖွဲ့(သို့မဟုတ်) ရှမ်းပြည်နယ်အစိုးရအဖွဲ့က ရေးဆွဲပြီး ကျွန်တော်တို့ အနီးကပ်ဆုံး လွှတ်တော်အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ်များကို ဖြန့်ဝေထားဖို့လိုပါတယ်။ အဲ့တော့ ဒီနည်းဥပဒေဟာ ကျွန်တော်တို့ ဖြန့်ဝေသည့်နေ့မှစပြီး ရက်ပေါင်း ၉၀ အတွင်း ပြုပြင်ဖို့မရှိဘူးဆိုလျှင် အတည်ဖြစ်မှာလည်း ဖြစ်ပါတယ်ဆိုတာကို ကျွန်တော်အနေနဲ့ လွှတ်တော်ကို အသိပေးပြောကြားလိုပါတယ်။